# Indorama Ventures
# အများပိုင် ကုမ္ပဏီ လီမိတက်

## ဘုတ်အဖွဲ့၏ ခွဲခြားဆက်ဆံမှုမရှိခြင်း မူဝါဒ

*(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်နေ့တွင် ပြုလုပ်ခဲ့သော*
*ဒါရိုက်တာများဘုတ်အဖွဲ့ အစည်းအဝေး အမှတ် ၆/၂၀၁၅ အတည်ပြုချက်အရ)*

မှတ်ချက်
ဤမူဝါဒတွင် ပါဝင်သော အကြောင်းအရာများသည် ပြည်နယ်အတွင်း တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းမှုများရှိပါက
အဆိုပါတည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသာ အတည်ဖြစ်သည်။

# ဘုတ်အဖွဲ့၏ ခွဲခြားဆက်ဆံမှုမရှိခြင်း မူဝါဒ

Indorama Ventures အများပိုင် ကုမ္ပဏီ လီမိတက်၏ ဒါရိုက်တာများဘုတ်အဖွဲ့သည် ကုမ္ပဏီအပေါ် သက်ရောက်သော မူဝါဒများနှင့် စည်းမျဉ်းများအားလုံးကို လိုက်နာပြီး ဒါရိုက်တာ ရွေးချယ်ခြင်း၊ အသစ်တင်မြှောက်ခြင်း၊ အစားထိုးခြင်းများ ပြုလုပ်ရာတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်အရ လိင်၊ လူမျိုး ၊ကိုးကွယ်သော ဘာသာတရား စသည်တို့အပေါ်အခြေခံသော ခွဲခြားမှုသာမက အခြားသောခွဲခြားဆက်ဆံမှု တစ်စုံတစ်ရာကိုမျှ လက်မခံကြောင်း ဤနေရာမှအတိအလင်းကြေညာအပ်ပါသည်။

ဒါရိုက်တာများရွေးချယ်ရာတွင် အတွေ့အကြုံများသော၊ အဖွဲ့အစည်းအတွက် အကြံဉာဏ်ကောင်းများပေးနိုင်ပြီး ဦးတည်ချက်ခိုင်မာစွာ ချမှတ်ပေးနိုင်သော ဒါရိုက်တာများ ခန့်အပ်နိုင်ရန် လိုအပ်ကြောင်း သိထားသည်နှင့်အညီ ဘုတ်အဖွဲ့သည် ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဘက်လိုက်ခြင်း၊ ခွဲခြားခြင်း တစ်စုံတစ်ရာမျှမပြုလုပ်ပဲ အရည်အချင်း ၊ အတွေ့အကြုံ နှင့် ကုမ္ပဏီအတွက် အောင်မြင်မှုများ ဖော်ဆောင်ပေးနိုင်မှုတို့ကို အခြေခံ၍ ဒါရိုက်တာ အသစ်များ ရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည်။